မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F __ Volume 10/Issue 1/January /2017










## 2017 January

## Upcoming Events

January 2017

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | 31 | 1 | 2 | 3 | 4 |

**New Year Celebration and Holy Communion Sunday**

***1/ 01/ 2017***

~~~~~~~~~~~~~~~

***Regular Sunday Service***
***&***
***B.C.F. Official Board Meeting***

***1/ 8/ 2017***

~~~~~~~~~~~~~~~

***Regular Sunday Service***

***1/ 15/ 2017***

~~~~~~~~~~~~~~~

***Regular Sunday Service***

***1/ 22/ 2017***

~~~~~~~~~~~~~~~

***B.C.F. Variety Show***

***1/ 28/ 2017***
***Saturday 4:00 PM***

~~~~~~~~~~~~~~~

***B.C.F. Church 40th Anniversary***
***&***
***Consecration Service***

***1/ 29/ 2017***

~~~~~~~~~~~~~~~

***Every Service on Sunday 2:00PM***
***At 1337 Farmstead Ave.* La Puente, CA 91745**

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

နှစ်သစ်အတွက်ခွန်အား

# ထာဝရဘုရားသည်သာ ခိုလှုံရာ

အမြင့်ဆုံးသောဘုရား၏ ကွယ်ကာရာဌာနတော်၌နေသောသူသည် အနန္တတန်ခိုးရှင်၏အရိပ်ကိုခိုရလိမ့်မည်။ ထာဝရဘုရားသည် ငါ၏ကျောက်၊ ငါ၏မြို့ရိုး၊ ငါ့ကိုကယ်လွှတ်သောသခင်၊ ငါ၏ဘုရား၊ ငါကိုးစားသောအစွမ်းသတ္တိ၊ ငါ၏အကွယ်အကာ၊ ငါ့ကိုကယ်တင်သောဦးချို၊ ငါခိုလှုံရာ၊ငါ၏ရဲတိုက်၊ ငါကို စားသော ဘုရားသခင်ဖြစ်တော်မူသည်။

ငါသည် ကျဉ်းမြောင်းရာထဲက ထာဝရဘုရားကိုခေါ်၍ ထာဝရဘုရားသည် ကျယ်ဝန်းသော အရပ်ထဲသို့ သွင်းတော်မူ၏။ ထာဝရဘုရားသည် ငါ့ဘက်၌ ရှိတော်မူသည်ဖြစ်၍ ကြောက်စရာမရှိ။ လူသည် ငါ၌ အဘယ်သို့ပြုနိုင် သနည်း၊ ထာဝရဘုရား၌ ခိုလှုံခြင်းသည် လူကို ကိုးစားခြင်းထက်သာ၍ ကောင်း၏။ ထာဝရဘုရားကို ခိုလှုံခြင်းသည် မင်းကို ကိုးစားခြင်းထက်သာ၍ကောင်း၏။

ထာဝရဘုရားမိန့်တော်မူသည်ကား၊ လူကိုကိုးစား၍ လူသတ္တဝါကို အမှီပြုသဖြင့်၊ စိတ်နှလုံးထဲ၌ ထာဝရဘုရားထံတော်မှ ထွက်သွားသောသူသည် ကျိန်အပ်သောသူဖြစ်၏။ ထိုသူသည် လွင်ပြင်၌ရှိသော သစ်ပင်ခြောက်ကဲ့သို့ဖြစ်၍၊ ကောင်းကျိုးရောက်ကြောင်းကိုမသိရ။ အဘယ်သူမျှမနေသောဆားမြေ၊ သွေ့ခြောက်သောလွင်ပြင်၌ နေရလိမ့်မည်။

ထာဝရဘုရားကိုကိုးစားသောသူ၊ ထာဝရဘုရားကိုမိမိကိုးစားရာအကြောင်း ဖြစ်စေသောသူသည် ကောင်းကြီးမင်္ဂလာကို ခံအပ်သောသူ ဖြစ်၏။ ထိုသူသည်ကား၊ ရေရှိသောအရပ်၌ စိုက်၍ မြစ်နားမှာအမြစ်ဖြာသဖြင့်၊ ပူသောအရှိန်ရောက်ကြောင်းကိုမသိ၊ အရွက်မညှိုးနွမ်း၊ မိုဃ်းခေါင်သောကာလ၌ စိုးရိမ်စရာမရှိဘဲ၊ အစဉ်အမြဲအသီးကို သီးတတ်သော အပင်နှင့်တူ၏။

ကိုယ်တော်သည် အကျွန်ုပ်၏ဘုရားဖြစ်တော်မူ၍ ကိုယ်တော်ကို ချီးမွမ်းပါမည်။
အကျွန်ုပ်၏ဘုရားဖြစ်တော်မူ၍ ကိုယ်တော်ကို ချီးမြှောက်ပါမည်။

ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍ ကရုဏာတော်အစဉ်အမြဲတည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို အစဉ်ချီးမွမ်းပါမည်။

**ဆာလံကျမ်း၊ ၉၁း၁။ ၁၈း၂။ ၁၁၈း၅၊ ၈၊ ၉၊၂၈၊၂၉၊ ယေရမိအနာဂတ္တိကျမ်း၊ ၁၇း၅–၈။**

# ယခုနှစ်ပင် ဖြစ်လေမလား!!

မင်္ဂလာနှစ်သစ်ပါ။ ... မင်္ဂလာပါ။

ယခုနှစ်သစ်မှာ ဘာဖြစ်မည်ကို မျှော်ကြည့်ပြီး ၂၀၁၇မှာ သခင်ယေရှု ပြန်ကြွလာမည်လားဟု မတွေးဘဲ မနေနိုင်ဖြစ်ခဲ့သည်။ တစ်ဆက်တည်းမှာပင် မိမိကိုယ်တိုင်လည်း အဆင်သင့်ဖြစ်ပါ့မလားဟု မိမိကိုယ်ကို ဆန်းစစ်ကြည့်မိသည်။

ကျွန်ုပ်တို့အသင်းတော်တွင် အဘသင်းအုပ်ဆရာက နှစ်သစ်၏ပထမဆုံးတနင်္ဂနွေနေ့ ဝတ်ပြုစည်းဝေးတွင် သခင်ခရစ်တော် ပြန်ကြွလာမည့်အကြောင်းကို ၁သက်၊ အခန်းကြီး၄ ကို အခြေခံ၍ တရားဒေသနာဝေငှလေ့ရှိပါသည်။

ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည် အာကာသကောင်းကင်၌
သခင်ဘုရားထံတော်သို့ ရောက်စေခြင်းငှာ၊ ချီဆောင်ခြင်းကို ခံရသောအားဖြင့်
သခင်ဘုရားနှင့်အတူ အစဉ်မပြတ် နေရကြလိမ့်မည်။
၁သက်၊၄း၁၇

သခင်ယေရှု ပြန်လည်ကြွလာမည့်အချိန်ဟာ ယခုနှစ်ပင် ဖြစ်လေမလား?။ ယခုလည်း နှစ်ဖြစ်နိုင်ပါသည်။ သို့ဖြစ်၍၊ သခင်ယေရှုကို တွေ့ဆုံဖို့ အဆင်သင့် ဖြစ်ကြပြီလား?။ ဟူသည့် အဓိကအချက်ကို နှစ်သစ်သို့ဝင်ရောက်တိုင်း အတူတကွ စဉ်းစားဆင်ချင်ရန် သတိပေးနိုးဆော်မြဲဖြစ်သည်။ ဤတရားဟောချက်ကို မမေ့သလို "ဤအရာသာ မှန်ကန်ခဲ့လျှင်၊ သခင်ပြန်လည် သိမ်းဆည်းမည့်သူထဲတွင် ကျွန်ုပ်ပါ / မပါ မသေချာဘူး။"ဟုစဉ်းစားမိသည်။ မိသားစု၊ မိတ်ဆွေသင်္ဂဟ၊ အသင်းတော်သားတို့က ကောင်းကင်နိုင်ငံ သွားရမှာ သေချာနေပါသည်။ ထို့ကြောင့် ကျွန်တော်လည်း သွားချင်ပါသည်။ သို့ဖြစ်၍၊ ဘုရားကျောင်း ဝတ်ပြုစည်းဝေးအပြီး၌၊ အဘသင်းအုပ်ဆရာကို ချီဆောင်ခြင်းမှာ သေချာပေါက်ပါဝင်နိုင်ရန် ဘာလုပ်ရမလဲဟု မေးခဲ့ပါသည်။ ဆရာကြီးက ကျမ်းစာအုပ်ကိုဖွင့်ပြီး ကျမ်းပိုဒ်အချို့ကို ဖတ်ပြပြီး၊ ကျွန်တော်သည် ကယ်တင်ခြင်းကို အမှန်လိုအပ်ကြောင်း ရှင်းလင်းပြပါသည်။ ကျွန်တော် နားလည်သဘောပေါက် လိုက်သည်နှင့် ကျွန်တော်အပြစ်သားဖြစ်ကြောင်း၊ ကျွန်တော့်မှာအပြစ်ရှိကြောင်း၊ နောင်တရ၍ဝန်ခံရန် အချိန်ကြာကြာ မယူလိုက်ရပါ။ ထိုနေ့တွင်ပင် ဆရာကြီးသည် ကျွန်တော့်ကို ခရစ်တော်ထံ ပို့ဆောင်ပေးခဲ့သည်။ ကျွန်တော့်နှလုံးသားထဲ၌ စစ်မှန်သောတရားများကို မျိုးစေ့ချ စိုက်ပျိုးပေးခဲ့သော ဆရာကြီးကို တစ်သက်လုံး ကျေးဇူးတင် နေမိပါတော့သည်။ ခက်ခဲကြမ်းတမ်းမှုများ တိုး၍တိုး၍ များပြားလာ သော ဤကမ္ဘာလောကကြီးသို့ သခင်ယေရှု ပြန်လည်ကြွလာမည့် အချိန်သည် ယခုနှစ်လည်းဖြစ် နိုင်ပါကြောင်း အတွေးက ကောင်းသောမျှော်လင့်ချက် တစ်ခု ဖြစ်သည်။

ထိုထက်ပို၍ သက်သာရာကား ကယ်တင်ခြင်းအတွက် သူ့ကို ယုံကြည်လက်ခံသူတိုင်းအားစုသိမ်းချီဆောင်လျက် ဤလောကကြီး၏ ဒုက္ခဆင်းရဲ၊ နာကျင်မှုများနှင့် ကြောက်ရွံ့မှုများမှ လွတ်မြောက်စေမည်ဟူသည့် မျှော်လင့်စောင့်စားခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုနှင့် အတူတစ်သက်လုံးအတူ ရှိနိုင်ရမည့် အဖြစ်ကား အကောင်းတကာ့ အကောင်းဆုံးပင် မဟုတ်ပါလား။ မှန်ပါပေ၏။ ဟုတ်ပါပေ၏။ ဝန်ခံပါ၏။

ယခုနှစ်တွင် ကိုယ်တော်ရှင် ပြန်ကြွလာတော်မူမည်ဟု အမှန်တကယ် ယုံကြည်ပါက ကျွန်တော်တို့ ပို၍ခွင့်လွှတ်တတ်လာမည်။ ခွင့်လွှတ်ရန် ရာကြံမည်။ အခြားသူများ နှင့်လည်း ဘုရားသခင်၏ အနှိုင်းမဲ့မေတ္တာကို မျှဝေမည်ပင်။

ယခုနှစ်အတွင်း ကိုယ်တော် ပြန်ကြွလာမူမည်ဟုထင်ပါက ကျွန်ုပ်တို့အဆင်သင့်ဖြစ်နေကြောင်း သေချာအောင်လုပ်ရပါမည်။ ကိုယ်တော်ရှင် သန့်ရှင်းတော်မူသကဲ့သို့ ကျွန်ုပ်တို့လည်း သန့်ရှင်းခြင်း ရှိအောင် ကြိုးစားရပါမည်။ ကိုယ်တော်အရှင် ရှိနေတော်မူခြင်းကြောင့် မျက်ရည်များ၊ ဝမ်းနည်းခြင်း၊ နာကျင်ခြင်းနှင့် သေခြင်းနေရာ၌ ထာဝရဝမ်းမြောက်ခြင်းက အစားထိုး ဝင်ရောက်ရှိလာပါလိမ့်မည်။

အဘဘုရား၊

ကျွန်ုပ်တို့၏ စိတ်နှလုံးထဲတွင် သခင်ယေရှု ကေန်အမှန်ပြန်လာမည့်အကြောင်းကို အစဉ် မျက်မှောက်ပြုစေပါ။ ဤလောကကြီး၌ ဤလူ့ဘဝက ဤမျှသာ မဟုတ်ဘဲ သခင့်ကို ယုံကြည်လက်ခံသူတိုင်းအတွက် မင်္ဂလာရှိသော ထာဝရကာလသည် စောင့်စားနေကြောင်း သေချာစိတ်ချစေသောကြောင့် ကျေးဇူးတင်ပါသည်ယနေ့ပင်၊ ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တန်ပိုးတော်ကို မှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ သခင်ကိုယ်တိုင် တဖန်ဆင်းသက်ကြွတော်မူ၍ မိုဃ်းတိမ်ပေါ်သို့ ချည်ဆောင်ခြင်းကို ပြုခဲ့ပါမူ သခင်နှင့်အတူတကွ လိုက်ပါရမည့်အကြောင်း။ ယုံကြည်ခြင်း၌မြဲမြံ၍၊ ချစ်ခြင်း၌တည်လျက်၊ ဆုတောင်းစောင့်နေပါ၏။ ဘုရား။ အာမင်း။








# ထာဝရဘုရားကို မျှော်လင့်သော သူတို့မူကား ...

~ *Douglas* ~

"ထာဝရဘုရားကို မျှော်လင့်သော သူတို့မူကား၊ အားပြည့်ကြလိမ့်မည်။
ရွှေလင်းတကဲ့သို့ မိမိတို့အတောင်ကို အသစ်ပြုပြင်ကြလိမ့်မည်။
ပြေးသော်လည်း မပင်ပန်း၊ ခရီးသွားသောအခါ မမောရကြ။"
(ဟေရှာယ ၄၀း၃၁)

မြောက်မြားလှစွာသော သူတွေက ယုံကြည်ခြင်း အသက်တာနဲ့ အသက်ရှင်ရင်း ဘုရားသခင်အတွက် ဘာလုပ်ရမလဲ ဆိုတဲ့ အတွေးထဲမှာ နစ်မျောသွားကြတယ်။ စိတ်နှလုံး အကြွင်းမဲ့ ဆုတောင်း၊ကျမ်းစာဖတ်၊ အလှူငွေပေးလှူဆက်ကပ်ပြီး၊ အမှုတော်ဆောင်ကြပါတယ်။ ယုံကြည်ခြင်း အသက်တာနဲ့အသက်ရှင်ဘို့အတွက် လုပ်ရမဲ့အလုပ်တွေ အရမ်းများပါတယ်။ ဒါပေမဲ့၊ ကျမ်းစာကို ဖတ်ကြည့်မယ်ဆိုရင်၊ ဘုရားသခင်က ကျွန်တော်တို့ကို အဲဒီအရာတွေတောင်းဆိုတာ မဟုတ်ဘူး။

ကမ္ဘာဦးကျမ်း၊ အခန်းကြီး (၁)မှာ ဘုရားသခင်က ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းခဲ့ပါတယ်။"အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏။ မြေကြီးသည် အဆင်းသဏ္ဍာန်မရှိ၊ လွတ်လပ်လဟာဖြစ်၏။ နက်နဲရာအရပ်ကို မှောင်မိုက်ဖုံးလွှမ်း၍ ဘုရားသခင်၏ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏။"(ကမ္ဘာဦးကျမ်း၊ ၁း၁ –၂)

ဒီနှုတ်ကပတ်တော်ထဲမှာ ဘုရားသခင်ရှိပြီး၊ လူလည်းရှိတယ်။ မြေကြီးဆိုတာ .. လူသားတွေကို ပြောတာဖြစ်ပါတယ်။ အဆင်းသဏ္ဍာန်မရှိ၊ လွတ်လပ်လဟာဖြစ်ပြီး၊ မှောင်မိုက်ဖုံးလွှမ်းနေတဲ့မြေကြီးက .. ဘာလုပ်နိုင်မှာလဲ။ ဘာမျှ မလုပ်နိုင်ပါဘူး။ မြေကြီးကို ကြည့်တဲ့အခါ .. မြေကြီးက မှောင်မိုက် ဖုံးလွှမ်းနေတယ်။ အဆင်းသဏ္ဍာန် မရှိ၊ လွတ်လပ်လဟာဖြစ်နေတယ်။ ဘာမျှ အသုံးမဝင်ဘူး။"ဆိုတဲ့ အတွေးဝင်လာမှာဖြစ်တယ်။

ဘုရားသခင်က အဲဒီမြေကြီးမှာ စတင်ပြီး အလုပ်လုပ်ပါတယ်။ အသုံးမဝင်တဲ့ မြေကြီးက ကိုယ်ဟာကိုယ် တစ်ခုခုလုပ်ပြီး ပြောင်းလဲတဲ့အရာ မဟုတ်ပါဘူး။ ဘုရားသခင်က အဲဒီ မြေကြီးမှာ အလုပ်လုပ်တာဖြစ်တယ်။ ဘုရားသခင်က "အလင်းဖြစ်စေ။"လို့ အမိန့်ကျလာတဲ့အခါ .. အလင်းဖြစ်စေပြီး၊ မှောင်မိုက်က .. ပျောက်ကွယ်သွားတယ်။ ဒါပေမဲ့၊ မြေကြီးက ရေထဲမှာ ဆက်လက်ပြီး ပိတ်မိနေတယ်။ တဖန်၊ ဘုရားသခင်က ရေကို မိုးမျက်နှာကြက် အပေါ်၌ရှိသော ရေနဲ့ မိုးမျက်နှာကြက်အောက်၌ရှိသောရေအဖြစ် ပိုင်းခြားစေပြီး မြေကြီးကို ဝိုင်းရံထားတဲ့ များစွာသော ရေတွေကို

မိုးမျက်နှာကြက်အပေါ်သို့ တက်စေပြီးနောက် ကုန်းပေါ်လာစေပါတယ်။ ကုန်းပေါ်လာပြီးတဲ့နောက် မြေကြီးကိုယ်တိုင် လုပ်နိုင်တဲ့အရာ ဘာမျှ မရှိပါဘူး။ ဘုရားသခင်က အဲဒီမြေကြီးမှာ ပန်းပွင့်စေပြီး အသီးသီးစေခဲ့တယ်။ **"မြေကြီးသည် မြက်ပင်ကိုရင်း၊ မြေကြီးမှာ မျိုးစေ့ပါလျှက် သစ်သီးမျိုးကို ဖြစ်စေသောသစ်ပင်ကိုရင်း၊ ပေါက်စေ။"** မိုးမျက်နှာကြက်မှ မိုးအဖြစ် ရွာချပြီး၊ နေရောင် ထွန်းလင်းလာတယ်။ မြေကြီးပေါ်မှာအပင်က အညွန့်ထွက်လာပြီး၊ အရွက်တွေကို နေရောင် ထွန်းလင်းလာတယ်။ မြေကြီးပေါ်မှာ အပင်က အညွန့်ထွက်လာပြီး အရွက်တွေကို နေရောင်ခြည် လက်ခံခြင်းဖြင့် အစာချက်လုပ် ကြီးထွားလာပြီး၊ ပန်းပွင့်လာတယ်။ အသီးသီးလာတယ်။

ကျမ်းစာထဲမှာ – ဘုရားသခင်က ကျွန်တော်တို့ကို သူ့အားဖြင့်သာ မျှော်လင့်ဖို့ အလိုတော်ရှိတယ်။ များစွာသော လူတွေက အမှောင်ထဲမှာ စိတ်ပျက်ခြင်းထဲမှာ လွတ်လပ်လဟာထဲမှာနစ်မွန်းပြီး အဲဒီက လွတ်မြောက်ဖို့ ရုန်းကန်နေကြတယ်။ ဒါပေမဲ့ ဘုရားသခင်က ကျွန်တော်တို့ဆီက အဲဒီအရာတွေကို တောင်းဆိုတာ မဟုတ်ဘူး။ ကျွန်တော်တို့က ဘုရားသခင်အားဖြင့်သာ မျှော်လင့်တဲ့အရာကို လိုချင်တာဖြစ်တယ်။

မြေကြီးက ဘာမျှ မလုပ်နိုင်တဲ့ အတွက် ဘုရားသခင်ရဲ့အမိန့်တော်ကို စောင့်ခဲ့ပါတယ်။ **"သင်တို့က အမှောင်ထု ထဲမှာ ရှိရင်၊ ငါက သင်တို့ကို အလင်းပေးပြီး၊ ရေဖုံးလွှမ်းလျက် ရှိနေမယ်ဆိုရင် ရေမှ ကယ်တင်ပေးပြီး၊ ဘယ်အရာမျှ မတတ်နိုင်သူကိုလည်း ပန်း..ပွင့်စေပြီး၊ အသီး..သီးစေမယ်။"** လို့မိန့်တော်မူခဲ့တယ်။

**"ထာဝရဘုရားကို မျှော်လင့်သော သူတို့မူကား၊ အားပြည့် ကြလိမ့်မည်။ ရွှေလင်းတကဲ့သို့ မိမိတို့ အတောင်ကို အသစ်ပြုပြင် ကြလိမ့်မည်။ ပြေးသော်လည်း မပင်ပန်း၊ ခရီးသွားသော အခါ မမောရကြ။" (ဟေရှာယ ၄၀း၃၁)** ။ ယုံကြည်ဖို့ ခက်ခဲလှတဲ့ နှုတ်ကပတ်တော် ဖြစ်ပါတယ်။ ကျွန်တော်တို့က နည်းနည်းပြေးရုံနဲ့ မောတယ်။ အကြာကြီးလမ်းလျှောက်မယ်ဆိုရင် ပင်ပန်းသလိုဖြစ်လာတယ်။ ဒါပေမဲ့ ဘုရားသခင်က ဒီနှုတ်ကပတ်တော် အတိုင်း ကျွန်တော်တို့ကို အလုပ်လုပ်ချင်တာ ဖြစ်ပါတယ်။

ထွက်မြောက်ရာကျမ်း အစပိုင်းက ကမ္ဘာဦးကျမ်းအစပိုင်းနဲ့ ဆင်တူပါတယ်။

ထွက်မြောက်ရာကျမ်း၊အခန်းကြီး(၁)မှာ ဣသရေလလူမျိုးတွေက အဲဂုတ္တုပြည်မှာ ကျွန်ခံလျက်ရှိခဲ့တယ်။ ရွှံ့နယ်ခြင်း၊ အုတ်ခဲဖုတ်ခြင်း၊ .. စတာတွေကိုလုပ်ရင်း ပင်ပန်းတဲ့ဘဝမှာ နေခဲ့ကြပါတယ်။ ဘုရားသခင်က အဲဒီတုန်းကလည်း လူတွေ တစ်ခုခုလုပ်ဖို့ အလိုတော်မရှိခဲ့ပါဘူး။ သူတို့က တစ်ခုခုလုပ်ခြင်း အားဖြင့် အဲဂုတ္တုဘုရင်ဖာရောရဲ့ လက်အောက်ကနေ လွတ်မြောက်နိုင်မှာလား။ မဖြစ်နိုင်တဲ့အရာ ဖြစ်ပါတယ်။

ဘုရားသခင်က မောရှေကို စေလွှတ်ပြီး ဣသရေလပြည်သားတွေကို အဲဂုတ္တုပြည် ကနေ ကယ်တင်ခဲ့ပါတယ်။ ဘုရားသခင်က နောက်ဆုံးမှာ ဘယ်လိုအရာကို ပြီးမြောက်စေခဲ့သလဲ။

ထွက်မြောက်ရာကျမ်း နောက်ဆုံးအပိုင်းကို ဖတ်ကြည့်ရင် တဲတော်ပေါ်ပေါက်လာတယ်။

ဘုရားသခင်က လူသားတွေအတွက် ကောင်းကင်နိုင်ငံမှာရှိတဲ့ ဗိမာန်ကို မြေကြီးပေါ်မှာ တည်ဆောက်ခဲ့တယ်။ လူသားတွေက တဲတော်သို့လာပြီး၊ သူတို့ရဲ့အပြစ်အားလုံးကို ဆေးကြောခြင်းအားဖြင့်သာ ဘုရားသခင်နဲ့အတူ သန့်ရှင်းသောဝိညာဉ်တော် ပြည့်ဝတဲ့နေရာမှာ နေထိုင်နိုင်အောင်လုပ်ပေးတာဖြစ်တယ်။

ဣသရေလလူမျိုးတွေက အဲဂုတ္တုပြည်မှာကျွန်ခံနေရတဲ့အချိန် ခက်ခဲတဲ့အလုပ်နဲ့ဖိနှိပ်မှုအားဖြင့် ခံရတဲ့ ဝေဒနာကြီးပေမဲ့၊ ဒါ့ထက် ကြီးမားတဲ့ ဝေဒနာက သားယောကျ်ားလေး မွေးမယ်ဆိုရင် နိုင်းမြစ်မှာ စွန့်ပစ်ရတဲ့အရာ ဖြစ်ပါတယ်။ ဣသရေလလူတွေ တိုးပွားများပြား လာတာနဲ့ အမျှ အဲဂုတ္တုဘုရင်ဖာရောက "ယောကျ်ားလေးမွေးရင် နိုင်းမြစ်မှာ ပစ်ချပါ။" ဆိုပြီး အမိန့်ပေးခဲ့တယ်။ အဲဒီအချိန်မှာ မောရှေ မွေးဖွားလာပြီး၊ မောရှေရဲ့ မိဘတွေက ကလေးကို နိုင်းမြစ်ထဲမှာ မပစ်ချဘဲ ဖွက်ထားပြီး၊ နိုင်းမြစ်ကမ်းနား ကိုင်းတောထဲမှာ ထားခဲ့ပါတယ်။ ထာဝရဘုရားသခင်က မောရှေကို ကယ်တင်ခဲ့ပါတယ်။

ထွက်မြောက်ရာကျမ်း၊ ဝတ်ပြုရာကျမ်း၊ ပြီးနောက် တောလည်ရာကျမ်းကို ဖတ်ကြည့်ရင်၊ ဣသရေလလူမျိုးတွေ အဲဂုတ္တုပြည်က ထွက်လာတဲ့ အချိန် အသက်(၂၀) လွန်ပြီး စစ်တိုက်နိုင်တဲ့ ယောကျ်ားပေါင်း (၆၀၃, ၅၅၀) ယောက်ပါတယ် ဆိုတာ အလွန်များတဲ့ ကိန်းဂဏာန်းဖြစ်ပါတယ်။ ယောကျ်ားလေးမွေးရင် နိုင်းမြစ်ထဲ ပစ်ချရမယ် ပြောပေမဲ့ ဒီလောက် များတဲ့ ယောကျ်ားတွေက ဘယ်က ထွက်လာတာလဲ?? ။ ဘုရာသခင်က မောရှေကို ကယ်တင်တဲ့ အရာ မြင်ရပြီး၊ တခြားကလေးတွေကို ကယ်တင်တဲ့အရာ မမြင်ရပေမဲ့၊ လက်တွေ့မှာတော့ (၆၀၃, ၅၅၀) ယောက်အားလုံးကို ကယ်တင်ခဲ့တာဖြစ်တယ်။ ယောကျ်ားလေးမွေးရင် နိုင်းမြစ် မှာပစ်ပါဆိုတဲ့ ဖာရောရဲ့ အမိန့် ရှိခဲ့ပေမဲ့ ဘုရားသခင်က ကလေးတွေကို ကွယ်ကာစောင့်မ ပေးတဲ့အတွက် သူတို့တွေက ကြီးပြင်းလာပြီး၊ နို့နဲ့ပျားရည်စီးတဲ့ ခါနန်ပြည်ကို ဦးတည်သွားတဲ့ အရာကို မြင်တွေ့နိုင်ပါတယ်။

ကျွန်တော်တို့ရှေ့မှာ မြင်တွေ့နေရတဲ့ ခက်ခဲတဲ့ ပတ်ဝန်းကျင် အခြေနေက သားတွေကို နိုင်းမြစ်ထဲ ပစ်ချလိုက်ပါ ဆိုတဲ့အရာနဲ့ တူပြီး၊ ကလေးတွေကို နိုင်းမြစ်ကနေ ကယ်တင်ပြီး၊ ခါနန်ပြည်ကို ဦးတည်သွားစေတဲ့ ဘုရားသခင်က ကျွန်တော်တို့ စိတ်ထဲမှာ အသက်ရှင်ပြီး အလုပ်လုပ်ပေးနေတာ ဖြစ်ပါတယ်။

သင်တို့အမှောင်ထဲမှာ ရှိနေရင် ငါက သင်တို့ကို အလင်းပေးမယ်။ ရေထဲမှာ ဖုံးလွှမ်းခြင်းရှိတဲ့အခါ ရေမှကယ်တင်ပေးမယ်။ ဘယ်အရာမှ သင်မပြုလုပ်နိုင် သော်လည်း ပန်းပွင့်စေပြီး အသီးသီးစေမယ်။

"မင်းကရွှံ့စေးနယ်ပြီး၊ အုတ်ဖုတ်တဲ့အလုပ်နဲ့ပင်ပန်းတဲ့အခါ အဲဒီ ပင်ပန်းခြင်းထဲမှမင်းကို ကယ်တင်ပေးပြီး၊ ကလေးကို နိုင်းမြစ်ထဲ ပစ်လို့ ပြောတဲ့အချိန်မှာ အဲဒီ ကလေးတွေကို ကွယ်ကာစောင့်မပြီး၊ အဲဂုတ္တုပြည်မှ ခါနန်ပြည်သို့ ဆွဲခေါ် ပို့ဆောင်ပေးတယ်။"

ဘုရားသခင် ဒီလိုမျိုး လုပ်ဆောင်ပေးတဲ့အရာက လူကို ဘုရားသခင်က သင်တို့ ကြိုးစားအမှုတော်ဆောင်ပါ။ တစ်ခုခုလုပ်ပါလို့ ပြောတာ မဟုတ်ဘူး။ "ငါက မင်းတို့အတွက် အလုပ်လုပ်ပေးမှာမို့လို့ မျှော်လင့်ပြီး စောင့်နေပါလို့ ပြောတာ ဖြစ်ပါတယ်။"

ဘုရားသခင်က ကျွန်တော်တို့ အတွက် အလုပ်မလုပ်ဘူးလို့ ခံစားရတဲ့အတွက်ကြောင့် ကိုယ်ကအလုပ်လုပ်ဖို့ကြိုးစားတယ်။ ကိုယ်ကဘုရားသခင်အတွက် အစေခံဖို့လုပ်တယ်။ ကိုယ်က ပြဿနာကိုတာဝန်ယူဖြေရှင်းပြီး၊ ပူပန်တဲ့အရာတွေက ကျွန်တော်တို့ကိုနာကျင်အောင်လုပ်တယ်။ ဒါကြောင့် ကျွန်တော်တို့က "ဘုရားသခင် အလုပ်လုပ်မဲ့အရာကို မျှော်လင့်ပါ။ ဘုရားသခင်တစ်ပါးတည်းကိုဘဲ မျှော်လင့်ပါ။" ဒါဆိုရင် ဘုရားသခင်က ကျိန်းသေပေါက် အသစ်သော ခွန်အားပေးပြီး ကျေးဇူးတော်နဲ့သနားခြင်းကရုဏာတော်အားဖြင့် ကျွန်တော်တို့အတွက် အလုပ်လုပ်ပေးမှာ ဖြစ်တယ်။

ဘုရားသခင် အလုပ် လုပ်တဲ့အရာ အားဖြင့် ဖြစ်ပေါ်လာတဲ့ ကမ္ဘာကြီးက အတိုင်းအဆ မရှိ ၊ လှပတန်ဖိုးရှိပြီး ၊ အံ့သြစရာကောင်းပါတယ်။ ကျမ်းစာကိုဖတ်ကြည့်ရင် ဘုရားသခင် အလုပ် လုပ်တဲ့ အချိန်နဲ့ လူက အလုပ်လုပ်တဲ့ အချိန်ကို ထင်ရှားစွာ ခွဲခြားထားပါတယ်။ ဘုရားသခင်က ကမ္ဘာဦးကျမ်း၊ ထွက်မြောက်ရာကျမ်းမှာ ကတိပြုထားတဲ့ အတိုင်း၊ ကျွန်တော်တို့အထဲမှာ အလုပ် လုပ်ပေးတယ်။ ကျွန်တော်တို့ကို ချစ်လို့ အယောက်စီတိုင်းကို ဝမ်းမြောက်စေတဲ့ ပုံစံသို့ပြောင်းပြီး၊ ကျွန်တော်တို့ကို တန်ဆာပလာအဖြစ် အလုပ်လုပ်တယ်။

ဓမ္မရာဇဝင် စတုတ္ထစောင်၊ အခန်းကြီး(၄) ကိုဖတ်ရင်၊ ပယောဖက် အမျိုးသားရဲ့ မယား တစ်ယောက်က အားလုံးပျက်စီးခြင်း ခံရပြီးနောက်၊ ပရောဖက်ဧလိရှဲကို သွားရှာခဲ့ပါတယ်။ ဧလိရှဲ ကသူမကို "သင့်အဖို့ အဘယ်သို့ ပြုရမည်နည်း။ သင့်အိမ်၌ အဘယ်ဥစ္စာ ရှိသနည်း။" လို့ မေးခဲ့ ပါတယ်။ မင်းက ဘယ်လို လုပ်ပေးပါလို့ ပြောတာမဟုတ်ဘူး။ ငါက မင်းအတွက် ဘယ်လို လုပ်ပေး ရမလဲ။" လို့ပြောတာ ဖြစ်ပါတယ်။ ပယောဖက် အမျိုးသားရဲ့မယားက "ဆီအိုးတစ်လုံး မှတစ်ပါး အဘယ်ဥစ္စာမျှမရှိပါ။"လို့ဖြေခဲ့ပါတယ်။ ဘုရားသခင်လူက သူမကို သွားလော့။ အိမ်နီးချင်း ရှိသမျှ တို့တွင် လပ်သောအိုး တို့ကို ငှားယူလော့။ အိုးများထဲသို့ ဆီကို အပြည့်လောင်း၍ ထားလော့။" လို့ပြောခဲ့တယ်။ ဆီအိုးတစ်လုံးဆိုရင် အိုးလပ်တစ်လုံးထဲ ဖြည့်ဖို့လိုအပ်ပေမဲ့ အိမ်နီးချင်းအားလုံး ဆီက ဆီအိုး ငှားခဲ့ပါ လို့ပြောတဲ့အတွက် မဖြစ်နိုင်တဲ့အရာ ဖြစ်တယ်။ ဒါပေမဲ့ ပယောဖက် အမျိုး သားရဲ့မယားက အဲဒီစကားအတိုင်း လိုက်လုပ်တယ်။ အိုးတွေအများကြီး ငှားပြီး ဆီဖြည့်ခဲ့တယ်။ အိုးတစ်လုံးပြည့်သွားတဲ့အခါ နောက်တစ်အိုးကို ယူပြီးဖြည့်ခဲ့တယ်။ ပြည့်သွားရင် တခြားအိုးယူပြီး ထပ်ဖြည့်တယ်။ အိုးအားလုံးထဲကို ဆီအပြည့် ဖြစ်အောင် လောင်းထည့်ခဲ့တယ်။

အဲဒီအချိန်တုန်းက ပယောဖက်မယားရဲ့ စိတ်ထဲမှာ ဘယ်လိုဖြစ်သလဲ။

"ဘုရားသခင်က၊ ကျမသားနှစ်ယောက် ကျွန်အဖြစ်ရောင်းခံရမဲ့ မျှော်လင့်ခြင်းကင်းမဲ့တဲ့ နေရာမှာ နစ်မြုပ်နေတဲ့ မိန်းမဖြစ်ပေမဲ့ ကျမလိုလူမျိုးကို ဒီလိုအဖြစ်မျိုး အလုပ်လုပ်ပေးတာလား။" ဘုရားသခင်က အိုးထဲမှာဆီဖြည့်ပေးတာပဲ လုပ်တာမဟုတ်ပါဘူး။ အဲဒီအမျိုးသမီးရဲ့စိတ်ကိုလည်း ပြောင်းလဲတဲ့ အလုပ်လုပ်ခဲ့ပါတယ်။"ဘုရားသခင်က ကျမလို ဇာတိခန္ဓာဘဲရှိတဲ့သူ၊ ဆိုးသွမ်းတဲ့သူ၊ ညစ်ညမ်းတဲ့သူကိုလည်း အလုပ်လုပ်ပါလား။" အဲဒီအမျိုးသမီးက သူမဆီမှာ ဘုရားသခင် အလုပ် မလုပ်ဘူးလို့ ထင်ခဲ့ပေမဲ့ ပထမဆုံးအနေနဲ့ ဘုရားသခင် အလုပ်လုပ်တဲ့ အရာကို မြင်တွေ့ခဲ့တယ်။ အဲဒီနောက်ပိုင်းမှာ ဘုရားသခင်ကိုဘဲ အားကိုးပြီး ဘုရားသခင် အလုပ်လုပ်တဲ့ အရာကို မျှော်လင့် မှာဖြစ်တယ်။

ယေဟောဝါကို မျှော်လင့်တဲ့သူက အသစ်သောခွန်အားကို ရရှိတယ်လို့ ပြောခဲ့ပါတယ်။ ယနေ့၊ မိတ်ဆွေတို့က ဘုရားသခင် အတွက် တစ်ခုခု လုပ်ဖို့ ကြိုးစားနေကြတာ မဟုတ်ဘူးလား။ ဘုရားသခင်က ကျွန်တော် တို့ကို "ဘာကို..လုပ်ပါ။ ဘာကို..မလုပ်နဲ့။" လို့ပြောတာ မဟုတ်ဘူး။ ဘုရားသခင်ကဘဲ ကျွန်တော်တို့ အတွက် အလုပ်လုပ်မယ် လို့ပြောတာ ဖြစ်တယ်။ ဘုရားသခင် အလုပ်လုပ်မဲ့ အရာကို မျှော်လင့်ပြီး၊ ဘုရားသခင်တစ်ပါးတည်းကိုဘဲ မျှော်လင့်ပါ။

ဒါဆိုရင်၊ ဘုရားသခင်က ကျိန်းသေပေါက် အသစ်သောခွန်အားကိုပေးပြီး၊ ကျေးဇူးတော် နဲ့ဂရုဏာတော်အားဖြင့် ကျွန်တော်တို့အထဲမှာ အလုပ်လုပ်မှာဖြစ်ပါတယ်။ ❑ ❑

# *A New Year's Prayer. . .*

*Our Father who art in Heaven, as we stand at the beginning of this New Year 2017, we confess our need of Your presence and Your guidance as we face the future.*

*We each have our hopes and expectations for the year that is ahead of us—but You alone know what it holds for us, and only You can give us the strength and the wisdom we will need to meet its challenges. So help us to humbly put our hands into Your hand, and to trust You and to seek Your will for our lives during this coming year.*

*In the midst of life's uncertainties in the days ahead, assure us of the certainty of Your unchanging love.*

*In the midst of life's inevitable disappointments and heartaches, help us to turn to You for the stability and comfort we will need.*

*In the midst of life's temptations and the pull of our stubborn self-will, help us not to lose our way but to have the courage to do what is right in Your sight, regardless of the cost.*

*And in the midst of our daily preoccupations and pursuits, open our eyes to the sorrows and injustices of our hurting world, and help us to respond with compassion and sacrifice to those who are friendless and in need. May our constant prayer be that of the ancient Psalmist: "Teach me, O Lord, to follow your decrees; then I will keep them to the end" (Psalm 119:33).*

*We pray for our nation and its leaders during these difficult times and for all those who are seeking to bring peace and justice to our dangerous and troubled world. We pray especially for Your protection on all those who serve in our armed forces, and we thank You for their commitment to defend our freedoms, even at the cost of their own lives. Be with their families also, and assure them of Your love and concern for them.*

*Bring our divided nation together, and give us a greater vision of what You would have us to be. Your Word reminds us that "Blessed is the nation whose God is the Lord" (Psalm 33:12).*

*As we look back over this past year we thank You for Your goodness to us—far beyond what we have deserved. May we never presume on Your past goodness or forget all Your mercies to us, but may they instead lead us to repentance, and to a new commitment to make You the foundation and center of our lives this year.*

*And so, our Father, we thank You for the promise and hope of this New Year, and we look forward to it with expectancy and faith. This I ask in the name of our Lord and Savior, who by His death and resurrection has given us hope both for this world and the world to come. Amen.*